
ကမ္ဘာ့ဝတ္ထုချိုမြိုင်အနုပညာ

# ဇေယျ

## ပုဂံဘက်ကို မျှော်လိုက်ပြန်တော့



ဂူအတွင်း၌မူကား ပလ္လင်နှင့်တကွ ပလ္လင်ခွေဆင်းတုတော်ကြီး တစ်ဆူရှိ၏။ ဆင်းတုတော်ကြီး ဘေးပတ်လည်နံရံနှင့် ပေါင်းကူးမျက်နှာကြက်တွင် ရှေးက ဆေးရေးများ ရှိ၏။ ငါးလက်မပတ်လည်ခန့်ရှိသော အကွက်ကလေး ပေါင်းများစွာတို့၌ ဇာတ်ဝတ္ထု၊ နိပါတ်တော်များ၊ ဘုရားဆင်းတုတော်ပုံများ၊ ဗောဓိသတ္တဘုရားလောင်းပုံများကို အဆန်းဆန်းအကြယ်ကြယ် ဆေးစုံခြယ်လှယ် ရေးသားထား၏။ အချို့အကွက်များမှာ ပဒုမ္မာကြာပွင့်မှစ၍ ပန်းပွင့်၊ ပန်းခိုင်၊ ပန်းနွယ်၊ ပန်းခက်၊ ပန်းပေါင်းစုံတို့ကို နဂို ပကတိ သဘာဝပုံအတိုင်း ရေးဆွဲခြယ်လှယ်ထား၏။ အောက်ပိုင်းမှာ လူသူအထိ အခိုက်များသဖြင့် ဆေးကွက်များ ပျက်ပြယ် ညှိုးနွမ်းနေကြသော်လည်း အထက်ပိုင်းဘေးလွတ်ရာ နေရာများ၌ကား ပျက်ပြယ်ခြင်း၊ ဆေးရောင်မှိန်ခြင်း မရှိ။ မူလရေးဆွဲထားသည့်အတိုင်းပင် လတ်လတ်ဆတ်ဆတ် ရှိကြ၏။ ဤဂူ၏အသက်ကို တွက်စစ်သော် အနည်းဆုံး နှစ်ပေါင်း ၈၀၀ ခန့် ရှိခဲ့လေပြီ။ ဤမျှ နှစ်ကာလရှည်လျားခဲ့သည့်အပြင် ထိုနှစ်ပေါင်း ၈၀၀ အတွင်း၌ မြန်မာရာဇဝင် ပြောင်းလဲသလောက် အဖြစ်အပျက်အမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရပါလျက် ဆေးရောင်များ ပျက်ပြယ်မှေးမှိန်ခြင်း မရှိ။ ယခုခေတ်ထိအောင် တည်တံ့မြဲခိုင်နေသည်များကို ကျွန်တော်တို့မှာ အံ့သြချီးကျူး၍ မကုန်နိုင်အောင် ရှိကြလေ၏။

# ဇေယျ

## ပုဂံဘက်ကို မျှော်လိုက်ပြန်တော့

ISBN 9789997117755
9 789997 117755
1,000.00KS

mgyoe.com

ပုဂံဘက်ကို မျှော်လိုက်ပြန်တော့၊ ဇေယျ
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၁၂၆ မျက်နှာ၊ ၁၀ စင်တီ× ၁၆•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊
ဂ၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# ပုဂံဘက်ကို မျှော်လိုက်ပြန်တော့

ဇေယျ

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

ဆရာကြီးဗေယျာ၏လက်ရာ ပုဂံခရီးသွားဆောင်းပါးရှည် (ရှုမဝ မဂ္ဂဇင်း ၅ လဆက်)နှင့် ပုဂံဒေသရေးသန်းချိုမှားအကြောင်း ရေးခဲ့သော ရှေးပန်းချီဆောင်းပါးတို့ပေါင်းကာ စီစဉ်ခြင်း ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီဖြစ်သော ပုဂံ၊ ညောင်ဦးနှင့် ပုဂံဘုရားစေတီပုထိုးများအကြောင်းကို ၁၉၅၄/၅၅ ခုနှစ်ကာလများနောက်ခံဖြင့် လွမ်းမောစိတ်ဝင်စားဖွယ် ပြန်လည်ဖော်ထုတ် စုစည်းတင်ဆက်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပုဂံဘက်ကို မျှော်လိုက်ပြန်တော့ ၁

၂။ ပုဂံအစ ညောင်ဦးက ၄၀

၃။ ညောင်ဦးတစ်ဝိုက်-၁ ၅၂

၄။ ညောင်ဦးတစ်ဝိုက်-၂ ၇၅

၅။ ပုဂံအရောက် ၉၁

၆။ ရှေးပန်းချီ ၁၁၇


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ပုဂံဘက်ကို မျှော်လိုက်ပြန်တော့

"ဆရာ... အားသလား"

"အားတယ်လို့တော့ မဟုတ်ဘူး၊ ခဏတစ်ဖြုတ် အနားယူနေတယ်၊ ဘာလုပ်ချင်သလဲ"

"ပုဂံသွားရအောင်"

ပုဂံ–ပုဂံ–ပုဂံ–ပုဂံ ဟူသော အစွဲအလမ်းသည် ကျွန်တော်တို့တွင် ကြီးမားလှ၏။ ကျွန်တော်တို့ ပြည်ထောင်စုသား မြန်မာလူမျိုးများတွင်သာ အစွဲအလမ်းကြီးသည် မဟုတ်၊ နိုင်ငံခြားသား တိုင်းတစ်ပါးမှ ပုဂံသို့ ရောက်ဖူးသူ၊ ပုဂံအကြောင်းကို ကြားဖူးသူများပင်လည်း အစွဲအလမ်းကြီးကြ၏။ ကျွန်တော် လွန်ခဲ့သည့်နှစ်၊ အောက်တိုဘာလအတွင်း လန်ဒန်မြို့တွင် ရှိစဉ်က မြန်မာသံရုံး၊ မြန်မာသံအမတ်ကြီး ဦးကာစိ၏ နေ့လယ်စာစားပွဲတွင် ပါမောက္ခဆရာကြီး လုစ်နှင့်တွေ့ရာ ဆရာကြီးနှင့် နှုတ်ဆက်ပြီးသည်နှင့် တစ်ပြိုင်နက် မင်းတို့ဌာနမှာ ပုဂံဓာတ်ပုံတွေ ရှိသလားဟု

mgyoe.com

mgyoe.com


မေးသည်ကို တွေ့ရ၏။ နောက်တစ်ဖန် ချယ်ရင်-ကရော့စ်လမ်းရှိ စာအုပ်ဆိုင်တစ်ဆိုင်တွင် မြန်မာပြည်အကြောင်း စာအုပ်များ မရှိဘူးလားဟု ဝင်၍မေးရာ၊ ကိုယ်ကဲ့သို့ပင် စာအုပ်ဝယ်နေသူတစ်ယောက်က လှည့်ကြည့်၍-

"ခင်ဗျား ဗမာပြည်ကလား"

"မှန်ပါတယ်"

"ပုဂံရောက်ဖူးသလား၊ ကျွန်တော် ပုဂံမှာရှိတဲ့ ရှေးမြန်မာ ပန်းရန်အဆောက်အအုံတွေကို တော်တော်ပဲ လေ့လာတယ်"ဟု ပြောပြန်၏။

ပုဂံအစွဲအလမ်းကား သိသူတို့အဖို့ အားကြီးလှ၏။ ပုဂံပျက်သည်မှာ နှစ်ပေါင်း ၇၀၀ ကျော်လောက်ရှိပြီ။ သို့ပါလျက် ပုဂံ၏ အရှိန်အငွေ့သည် ယခုတိုင် အားကြီးလျက်၊ မြန်မာပြည်မှ မိုင်ပေါင်း ၇၀၀၀ ခန့်ကွာဝေးသော ဥရောပတိုက်အထိ ကူးစက်လျက်ရှိ၏။

ပုဂံ... ပုဂံ... ပုဂံ... ပုဂံ ဟူသော အမည်ကို ကြားလိုက်လျှင် သရေခေတ္တရာပြည် သုပဉ္ဉာနဂရ ဆိန္နမင်းလက်ထက် မင်းနှင့်တကွ ပြည်သူပြည်သား တို့သည် မစားအပ်သည်ကို စား၊ မယူအပ်သည်ကို ယူ၊ ဘုရားပစ္စည်းကိုပင် မရှောင်၊ ဆင်းတုတော်ကြီး

mgyoe.com

mgyoe.com



"သေပြီ" ဆို၍ ဖိုကျင်ထိုးပြီးလျှင် သူတစ်ပါးလှူခဲ့ တန်းခဲ့သော ရွှေတွေကို ဝေခွဲစားသောက် အကျင့် ဖောက်ချင်တိုင်း ဖောက်နေကြ၍ နိုင်ငံကြီး အစည်းပြေ ဖရိုဖရဲဖြစ်ကာ အုပ်မနိုင်ထိန်းမရ အလိုအလျောက် စိတ်နှလုံး တုန်လှုပ်ချောက်ချားလျက် မိန်းမတစ်ဦး "ငါ့စကော၊ ငါ့စကော" အော်ရုံနှင့် ပြိုကွဲပျက်စီးခဲ့ရပုံ၊ ထိုသို့ပြိုကွဲ ပျက်စီးပြီးနောက် တောင်ညိုတွင်လည်း နေရာမရ၊ ပန်းတောင်းတွင်လည်း နေရာမရ။ တပြေး တည်း ပြေးနေကြရပြီးနောက် အညာသို့ ဆန်တက် ပြေးကြပြီးလျှင် တူရွင်းတောင်ခြေ အရှေ့တစ်မိုင်ကွာ ခန့်လောက်ရှိ ယုံလွတ်ကျွန်းခေါ် တောကြီးကို မှီ၍ ၁၉ ရွာသားတို့နှင့် စုရုံးကြပုံ၊ ၎င်းနောက် မှီရာတွယ် ရာ ဘေးအန္တရာယ်ကင်းရှင်းရာကို ရရှိကြ၍ တရွေ့ ရွေ့ ကြီးပွားပြီးလျှင် သီရိပစ္စယာ၊ တမ္ပဝတီ၊ ပုဂါရာမ၊ ပေါက္ကန်၊ ပုဂံ၊ အရိမဒ္ဒနာ အမည်ရှိသော ထိုခေတ်က ကမ္ဘာ့ပထမတန်း မြို့ကြီးကို တည်ထောင်ကြပုံ။ ပုဂံ မြို့ အရှေ့တောင်ယွန်း မင်းနန်သူရွာအနီး သမထီး အရပ်၌ တပည့်သုံးသောင်းနှင့် ကောင်းစားကြသော အရည်းကြီးတို့ကျင့်ကြံပုံ၊ အရည်းကြီးများ လက် ထက် တည်ခဲ့ကြသော ပုထိုးသများ အစရှိသော ဂူ ငါးလုံးကိုတည်ဆောက်ကြပုံ၊ ထို့နောက် အနော်ရထာ

mgyoe.com

mgyoe.com


မင်းစောလက်ထက် သထုံမှရောက်လာသော ရှင်အရဟံနှင့်အတူ ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို တည်ထောင်ကြပုံ၊ ရွှေစည်းခုံစေတီ၊ ရွှေဆံတော်စေတီ၊ ဆပဒစေတီ၊ မင်္ဂလာစေတီ စသော စေတီတော်ကြီးများကို တည်ပုံ၊ နန္ဒာဂူ၊ သဗ္ဗညု၊ ဂေါတော့ပလ္လင် စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဂူကြီး၊ မနူဟာ၊ နန်းဘုရား၊ သမ္ဗျူလ၊ လေးမျက်နှာစသော ဂူဘုရား၊ လိုဏ်ဘုရားကြီးများကို တည်ဆောက်ကြပုံတို့သည် မျက်စိထဲ၌ တရေးရေးပေါ်လာကြ၏။

တစ်ရံရောအခါ စောလူးမင်းသည် အထိန်းတော်သား ပဲခူးစား ငရမန်ကန်းနှင့် အန်ကစားကြရာတွင် ငရမန်ကန်း နိုင်၍ မလမ်းပေါက် ထ၍ခတ်ရာ၊ မင်းစောလူးက "နင် ငါကို အန်တစ်ပွဲမျှနိုင်သည်ကို မလမ်းပေါက် ထ၍ ခတ်သည်ကား၊ နင် ယောကျ်ား ဟုတ်နိုးသော် နင် စားသော ပဲခူးနှင့် ပုန်စားလေ" ဟု မိန့်၍ ငရမန်ကန်းက "အကယ်လော"ဟု မေးရာ မင်းစောလူးက "ငါတို့မင်းမည်သည်ကား မဟုတ်သောအရာကို ဆိုရာသည်လော" ဟူသော လွန်ခဲ့သည့် နှစ်ပေါင်းကိုးရာလောက်က မြန်မာသံပီပီ ရဲရဲတောက် ကြုံးဝါးကြသော သူရဲကောင်းကြီးများ၏ အသံ။

mgyoe.com

mgyoe.com



"ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြု သတည်း။ ကျွန်သုံးရွာအတို့ သခင်ပေးသည်ကား ဤ ရွှေဘုရားအား အတို့ ကျွန်ပေး၏။ ထိုသရောတည်း မင်း နှစ်ခြိုက်ရကား ကောင်းလှောင့်တေး၊ ကောင်း လှောင့်တေး မိန့်၏" စသည်ဖြင့် သားတော် ရာဇ ကုမာရသည် ခမည်းတော် အနော်ရထာမင်းကြီးအား ရည်စူး၍ ဘုရားတည်ကာ အမိထံမှရရှိလိုက်သော အမွေ ကျွန်သုံးရွာ လှူသည်ကို ကျန်စစ်သားမင်းကြီး ကောင်းလှ၏ဟု သာစုခေါ်သံများကိုလည်းကောင်း–

"သက္ကရာဇ် ၅၉၇ ခု၊ အာသိန်နှစ်၊ နံကာလဆန်း ၄ ရက် ကြာသပတေးနေ့၊ ကျစွာမင်းကြီး ရွှေတောင် တက်ပြီး ငါမိကိုကား ငါမသိလိုက်၊ ငါမိထွေးမွေး၍ ငါကြီး၏၊ ငါမိထွေးလျှင်တည်း ငါ့အမိဖြစ်၏ဟူ၍ အိမ်ပြုနေပေး၏။ အိမ်ထောင်ကျွန်လယ်လည်း ပေး တော်မူ၏။ အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ ၏။ လယ်လည်း ငါစား၏။ အိမ် ငါနေသောထက် ကား၊ သီတင်းပညာရှိသောသံဃာနေသော် မြတ်၏ ဟူ၍ ငါကြံမိရကား ကူလည်းပြု၏" စသည်ဖြင့် ကျစွာမင်းကြီးမိန့်မြွက်ပုံ၊ မိမိကို ကြီးပြင်းအောင် မွေး ခဲ့သော မိထွေး၏ကျေးဇူး ဆပ်ပုံ၊ မိထွေးတော်လည်း မင်းကြီးပေးသောအိမ်၊ လယ်၊ ကျွန် စသည်တို့ကို

mgyoe.com

mgyoe.com


မိမိအသုံးမပြုဘဲ ရတနာသုံးပါးကို ကြည်ညို သဒ္ဓါသောအားဖြင့် လှူခဲ့ပုံစသော လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀ ကျော်က အသံများ–

သက္ကရာဇ် ၆၄၆ ခု၊ တရုတ်တို့ ဆင်းလာ၍ ပုဂံပြည်ကြီး တိမ်းယိမ်းပျက်စီးပြီးနောက် တရုတ်ပြေးမင်း ပုသိမ်မှဆန်တက်၍ ပြည်မြို့သို့အရောက်တွင် သားတော် ပြည်စား သီဟသူက အဆိပ်ခတ်ထားသော စားတော်ပွဲကို စား၊ မစားလျှင် အိမ်ဓားဖွေးဖွေးဖြင့် ခုတ်ထစ်၍ သေစေမည်ဟု ခြိမ်းခြောက်ဝိုင်းရံထားစဉ်တွင် မိဖုရားစောက "အလောင်းမင်းကြီးသည် ကျွန်ုပ်အထက်က လျှောက်ပါသောစကားကို ယူတော်မမူပါသောကြောင့် ဤကဲ့သို့ ဖြစ်တော်မူရသည်။ ဓားလုံ လက်နက်ဘေးနှင့် သွေးသံတချင်း သေတော်မူရသည်ထက် ဆေးထည့်သော စားတော်ကိုစား၍ ကြမ္မာကုန်ခြင်းသည် မြတ်၏" ဟု လျှောက်သော ပုဂံပြည်ဇာတ်သိမ်း ပြည်ဖုံးချသံများကို–

နားထဲတွင် တယောင်ယောင် ကြားမိ၏။

ထို့ကြောင့် "သွားကြရင် လိုက်မယ်"ဟု ကတိပေးလိုက်၏။

အသောတရော မသွားလို၊ အမောပြေ အပန်းပြေ မပင်ပန်းသောနည်းဖြင့် သွားလိုကြ၏။ သို့လျှင်

mgyoe.com

mgyoe.com



အနေရ အထိုင်ရသက်သာလျက် ရန်ကုန်မှ ညောင်ဦး အတွက် မိုင်ပေါင်း ၄၆၀ ကျော် ခရီးကို ရှစ်ရက် တိတိသွားရသော "မင်းသမီး"သင်္ဘောကြီးနှင့် လိုက် ကြရန် ဆုံးဖြတ်ကြ၏။

ပုဂံသည် ယခုအခါ ရှေးအလွန်ကျသော အရပ် တစ်ရပ်ဖြစ်၏။ သို့သော် သေချာစွာစဉ်းစား၍ ကြည့် လိုက်သောအခါ ကျွန်တော်တို့သည် ရှေးအကျဆုံး အရပ်ဖြစ်သော ရန်ကုန်မြို့မှ ခေတ်ကျသည်ဟု ဆိုနိုင် သော ဒေသသို့ သွားနေခြင်းဖြစ်၏။ ရန်ကုန်မြို့ကား မြတ်စွာဘုရားသခင် ပွင့်တော်မူစ ဥက္ကလာပမင်းကြီး လက်ထက်ကပင် ရှိ၏။ တစ်ဖန် ပုဂံမရောက်မီ ဖြတ် သန်းသွားမည်ဖြစ်သော သရေခေတ္တရာပြည်မြို့ကား သာသနာတော် သက္ကရာဇ် ၁၀၁ ခုနှစ်တွင် အစပြု၍ ထွန်းကားခဲ့၏။ ပုဂံမြို့မူကား သရေခေတ္တရာ ပျက်စီး ပြီးနောက် သာသနာသက္ကရာဇ် ၆၅၁ နှစ်တွင်မှ တည် သောမြို့ ဖြစ်၏။ ဥက္ကလာပ ရန်ကုန်မြို့ နောက်နှစ် ပေါင်း ၇၀၀ လောက် ခေတ်ဆန်၏။

သို့လျှင် ကျွန်တော်တို့သည် နိုဝင်ဘာ ၄ ရက် နေ့ည ဗိုလ်တထောင်ဆိပ်ကမ်း၌ ဆိုက်ထားသော သင်္ဘောကြီးသို့ တက်ကြ၏။ နိုဝင်ဘာလ ၄ ရက်နေ့ ကား ကြာသပတေးနေ့ ဖြစ်၏။ သင်္ဘောမှာ ည ၁၂

mgyoe.com

mgyoe.com


နာရီခွဲ ထွက်မည်ဟု ကြားသိရရာ "သောကြာရေ ကြောင်း မသွားကောင်း"ဆိုသော စကားနှင့် တည့် တည့်ကြီး တိုးမိလျက်သား ဖြစ်နေသည်ကိုတွေ့ရ၍ ကြာသပတေးနေ့ ခရီးအထွက်ဖြစ်အောင် ကိုးနာရီ လောက်ကသွား၍ သင်္ဘောပေါ်သို့ တက်နေနှင့်ကြ ၏။

သင်္ဘောပေါ်သို့ ရောက်သောအခါ ရှုမဝတိုက် က ပုစုခရု နှပ်ချေးထူတို့ပါမကျန် တစ်တိုက်လုံး တပ် ကြီးချီ၍ လိုက်ပို့ကြသည်ကို တွေ့ရ၏။ ပစ္စည်းတွေ နေရာချ၊ အိပ်ရာတွေပြင်၊ စကားပြောနှုတ်ဆက်နှင့် အချိန်ကုန်၍ ၁၁ နာရီကျော်ကျော်လောက်ရှိမှ ရှုမဝ တိုက်သားများ ပြန်သွားကြ၏။ ထိုအခါမှ သင်္ဘော ကြီးကို ဂရုစိုက်၍ ကြည့်မိရာ သင်္ဘောအထက်ထပ် ဦးပိုင်း သံဃာတော်များအတွက် သီးသန့်နေရာတွင် ဘုန်းတော်ကြီးလေးငါးပါး၊ ရသေ့ကြီးတစ်ယောက်နှင့် ဒကာသုံးယောက်၊ ခေါင်းတိုင်ကြီးဘေးတွင် မိန်းမ ယောကျ်ား ဆယ်ယောက်လောက်၊ ကျွန်တော်တို့ ယူ ထားသော ပွဲပိုင်းနှင့် မနီးမဝေးတွင် ယောကျ်ား မိန်းမ ငါးယောက်လောက်၊ သင်္ဘောအောက်ထပ်ဦးပိုင်း ကုန် ချိန်သော နေရာတွင် လူခုနစ်ယောက်လောက်၊ ဤမျှ သာပါသည်ကို တွေ့ရ၏။

mgyoe.com

mgyoe.com



"ဟော့... သဘော်ာ လူနည်းတယ်၊ တို့အသိုက်က ကော ဘယ်နှယောက်လဲကွ"

"ဆရာကြီး ဦးဇေယျတစ်ယောက်၊ ရှုမဝဦးကျော် တစ်ယောက်၊ ဦးစိန်ကော်တစ်ယောက်၊ ကျောင်းသား မောင်ဆွေတင့်တစ်ယောက်၊ ကျောင်းသား အထွန်း တစ်ယောက် အားလုံး ငါးယောက်"

"ဦးစိန်ကော်က မအူပင်ဆင်းမှာ၊ ပုဂံအရောက် လိုက်မှာ အသားတင် လေးယောက်"

"ဟာ... တို့လေးယောက်ပါတယ်ဆိုရင်လည်း နည်းတာမှတ်လို့၊ ပေါက္ကန်ပြည် အနော်ရထာမင်းစော လက်ထက် ဥဿာပဲခူးကို ကျွမ်းစစ်သည်တွေ ဝိုင်းနေ တော့ ပဲခူးမင်းက စစ်ကူတောင်းလို့ ပုဂံကသွားကြ တာလည်း ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး လေးယောက်တည်းပါ။ တို့လေးယောက် ထက် မပိုပါဘူး၊ ဘာမှမကြောက်နဲ့ အေးအေးလိုက် သွားကြရုံပဲ။ ဒါထက် မင်းတို့ ကင်မရာဘယ်နှလုံး ပါကြသလဲ"

"မောင်ဆွေတစ်လုံး၊ အထွန်းတစ်လုံး..."

"ငါ့မှာ တစ်လုံး၊ လေးယောက်ပေါင်း သုံးလုံး တော်ရောပေါ့ကွာ။ ငါကတော့ ကောင်းကောင်းမရိုက် တတ်ဘူး၊ လူထူထူရှိရင် ဂိုက်နဲ့ဆိုက်နဲ့ချိန်ပြီး ခလုတ်

mgyoe.com

mgyoe.com


ရမ်းနှိပ်လိုက်တာပဲ။ ဓာတ်ပုံ ထင်တဲ့အခါလည်း ထင်ရဲ့၊ မထင်တဲ့အခါလည်း မထင်ဘူး။ မင်းတို့ကော တော်တော် ရိုက်တတ်ကြသလား”

“နှစ်ခါ သုံးခါလောက်တော့ ရိုက်ဖူးတယ် ဘဘရဲ့၊ တစ်ခါမှတော့ ပုံကောင်းမရသေးဘူး”

“ဟာ... ဓာတ်ပုံဆိုလည်း တို့အဖွဲ့က ထိပ်တန်းချည်းပဲ။ ရှမဝမဂ္ဂဇင်းထဲ ဝေဝေဆာဆာကြီး ထည့်ရအောင်။ ပုဂံရောက်တော့ ကောင်းကောင်းကြီး ရိုက်ကြရလိမ့်မယ်ဟေ့”ဟု ပြောနေခိုက်တွင် သဘော်ကြီး ဥသြမှုတ်၍ ဆိပ်ကမ်းမှ ခွာစပြု၏။

“ဟော့... ဆယ့်နှစ်နာရီခွဲမှ ထွက်မယ်ဆို၊ ခုမှ ဆယ့်တစ်နာရီ လေးဆယ့်ငါးမိနစ် ရှိပါသေးကလား။ တို့နာရီများ မှားနေသလား၊ သဘော်စက်ခန်းက နာရီနဲ့ သွားတိုက်ကြစမ်းကွာ”ဟု ပြောလိုက်၍ တစ်ယောက် ဆင်းသွားပြီး ခဏကြာလျှင် ပြန်တက်လာ၍...

“မှန်တယ် ဘဘရ၊ နို့ပေမဲ့ သောကြာနေ့ ကူးမှာစိုးလို့ သန်းခေါင်မကျော်ခင် တစ်ဆယ့်ငါးမိနစ်ကြို ပြီး ထွက်သတဲ့”

အင်း... သောကြာရေကြောင်း မသွားကောင်း၊ သဘော်ကြီးကလည်း ငါလို ဗမာပီပီပါကလားဟု

mgyoe.com

mgyoe.com



အောက်မေ့လိုက်မိ၏။

နောက်တစ်နေ့နံနက် ၈ နာရီလောက်တွင် မအူပင် ရောက်၏။ မအူပင်တွင် ၁ နာရီခန့် ရပ်နားပြီး ဆက်လက်ထွက်ခဲ့ရာ ဓနုဖြူသို့ ည ၈ နာရီခွဲရောက်၏။ ထိုမှတစ်ဖန် ထွက်သွား၍ တစ်ညလုံးလုံး မရပ်မနားခုတ်သွားရာ ၆ ရက်နေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင်မှ ဟင်္သာတသို့ ဆိုက်၏။ ခရီးအဆစ်အပိုင်းကို တွက်ချက်ကြည့်ရာ သင်္ဘောကြီးသည် တစ်နာရီမှ ၅ မိုင်လောက် ရောက်သည်ကို တွေ့ရ၏ ။

တတိယနေ့သို့ ရောက်သောအခါ နံနက်အိပ်ရာမှထ ရေချိုး၊ ဟင်္သာတမှဝယ်ယူခဲ့သော သတင်းစာများကို ဖတ်၊ ၁၀ နာရီလောက် နံနက်စာစား၊ ထမင်းစားပြီး လက်ဖက်ရည်ကြမ်းကလေးကို တမြုံ့မြုံ့ မြည်းရင်း ရောက်တတ်ရာရာပြော၊ မောမောရှိတော့ တရေးတမောအိပ်၊ နှစ်နာရီလောက် အိပ်ရာမှနိုး၍ သင်္ဘောပေါ်၌ လက်ဖက်ရည်နှင့် ထမင်းဆိုင်တွင် ကော်ဖီတစ်ခွက် သောက်ပြီးလျှင် အခြားလုပ်စရာ မရှိ၍၊ ကင်မရာလေး ဘေးချိတ်ပြီး ဘေးတွဲသမ္ဗန်ကြီး ထိပ်သို့သွား၍ မြစ်ကမ်း ဝဲ–ယာနှစ်ဖက် ရှုခင်းရှုဖွယ်တို့ကိုကြည့်ရင်း “ဒါ တို့ပြည်၊ ဒါ တို့မြေ”ဟု စိတ်

mgyoe.com

mgyoe.com


တွင်းက သီဆိုကာ လိုက်ပါလာခဲ့လေ၏။

ထိုအခါတွင် အသက် ၁၇ နှစ်ခန့်ရှိသော လူငယ်တစ်ယောက်သည် ဘေးနားတွင် ဝင်၍ ထိုင်လေ၏။

"ဦးလေးတို့ ဘယ်ကလိုက်လာကြသလဲ"

"တို့ ရန်ကုန်က..."

"ဘယ်သွားကြမလို့လဲ..."

"ပုဂံ... မင်းတို့ကော... ဘယ်လဲ"

"ကျွန်တော်တို့ကတော့ ပုပ္ပားကို သွားမလို့ပါ၊ ရေနံချောင်းက ဆင်းရမယ်"

"ဒါဖြင့် သင်္ဘောကြီးပေါ်မှာ နောက်ထပ်လေးည လောက် အိပ်ရဦးမှာပေါ့၊ သင်္ဘောကြီးက တယ်နှေးသကွာ၊ တစ်နာရီမှ ငါးမိုင်လောက်ရောက်တယ်..."

"ဟုတ်တာပေါ့ ဦးလေးရ၊ သိပ်နှေးတယ်။ ဒီသင်္ဘောကြီးတွေဟာ ဒီလိုပဲ။ ဘေးတွဲကြီးတွေနဲ့ဆိုတော့ လေးနေတာပေါ့ ဦးလေးရ၊ ကူးတို့သင်္ဘောကလေးတွေမှ မြန်တာ"

"မင်း ကူးတို့သင်္ဘောကလေးနဲ့လိုက်ဖူးသလား"

"ကျွန်တော် နှစ်ခေါက် သုံးခေါက်လိုက်ဖူးတယ် ဦးလေး"

"တော်တော်မြန်ရဲ့လား"

mgyoe.com

mgyoe.com



"မြန်ဆို ဦးလေးရာ ခုတ်လိုက်တဲ့နေရာမှာ ဟုတ်လုပ်–ဟုတ်လုပ်–ဟုတ်လုပ်နဲ့ ခဏကလေးနဲ့ ရောက်သွားတာပဲ"

ပြောရင်းဆိုရင်း နေစောင်းသွား၍ မှောင်စပြုလာ၏။

"ဘဘ ထမင်းစားမယ်"ဟု မောင်ဆွေ လာခေါ်၍ သဘော်ဦးမှထ၍ လိုက်လာခဲ့၏။

အတော်မှောင်ပြီ၊ မြန်အောင်သို့ မရောက်သေး၊ ည ၉ နာရီလောက်မှ ရောက်မည်ဟုပြော၏။ သဘော်ကြီးလည်း မှောင်ထဲတွင် မီးမောင်းထိုးကာ "ဟုတ်လုပ်–ဟုတ်လုပ်–ဟုတ်လုပ်"နှင့် ဆက်၍ခုတ်လေ၏။

၇–ရက်နေ့ ညနေပိုင်း ၃–နာရီလောက်တွင် ရွှေတောင်မြို့ကို မြင်ရ၏။ တစ်ဖက်တွင် တန့်ကြည့်တောင်များကို မြင်ရ၏။ ရှုခင်းမျှော်ခင်းများ ပြောင်းလဲလာပြီ။ ငြိမ်းငွေ့ဖွယ်ကောင်းသော ကမ်းခြေပြားပြားမှ ကြည်နူးဖွယ်ကောင်းသော တောင်များ ကမ်းများကို မြင်ရပြီ။

"ဆရာ၊ သဘော်ကြီး ရွှေတောင်ဆိပ်ကို ဆိုက်ရင် ဘယ်လောက်ကောင်းမလဲ။ မမှောင်ခင်ဆိုက်ရင် ရွှေတောင် ခဏသွားရအောင်"

"ဘာကိစ္စလဲ..."

mgyoe.com

mgyoe.com


"ရွှေတောင်မုန့်ဟင်းခါး စားရအောင်လေ"

ထိုအခါမှ နှစ်ပေါင်း အတော်ကြာမြင့်ခဲ့ပြီကို သတိရ၏။ ကျွန်တော်သည် ပြည်မြို့မှ ထွက်ခွာလာခဲ့သည်မှာ နှစ်ပေါင်း ၃၅ နှစ်ရှိပြီ။ ၁၉၃၉ ခုနှစ် နောက်ဆုံးတစ်ခေါက် ရောက်ပြီးနောက် ယခုအထိ မရောက်ရသည်မှာ ၁၅ နှစ်ရှိခဲ့ပြီ။ ကျောင်းသားဘဝက ပျော်ခဲ့သောအရပ် ဖြစ်၏။ နှစ်ပေါင်း ၃၀ ကျော်က ပြည်မြို့ကို ပြန်ပြောင်း သတိရ၏။ သဘော်ဆိပ်ကမ်းထိပ်သို့ တက်၍ကြည့်လို မြင်လိုသော ဓာေများ ပေါ်လာ၏။ နာရီကို မကြာမကြာ ကြည့်မိ၏။ သဘော်ကြီးသည် ပို၍နှေးလျက် တစ်နာရီ သုံးမိုင်မှ ရောက်ပါလေရဲ့လားဟု အောက်မေ့မိ၏။

ထိုအခိုက် ခေါ်တောကုလား သဘော်သားတစ်ယောက် အပေါ်ထပ်သို့တက်လာသည်ကို မြင်လိုက်သည်မှ လွန်ခဲ့သည့်နှစ်ပေါင်း ၃၅ နှစ်ကျော်၊ ကျောင်းသားဘဝက အကြောင်းအရာတစ်ခုကို ရုတ်တရက် သွား၍ သတိရ၏။

ကျွန်တော်တို့ ပြည်မြို့ အစိုးရအထက်တန်းကျောင်းကြီးတွင် နေစဉ်က ပြည်မြို့တွင် ရောဂါဘယ ထူထပ်သောကြောင့် ပြည်မြို့သားများမှတစ်ပါး အခြားမြို့ရွာများမှ လာရောက်ကြသော ကျောင်းသားများ

mgyoe.com

mgyoe.com



အား မြို့တွင်းမှာ မနေရ၊ ကျောင်းတွင် ဘော်ဒါနေရမည်ဟု ကျောင်းဆရာကြီးက ပညတ်သဖြင့် ကျွန်တော်တို့လည်း ဘော်ဒါတွင် နေကြရ၏။ ဘော်ဒါနေသော ကျောင်းသားများ ညနေလေးနာရီ ကျောင်းဆင်းပြီးနောက် အညောင်းပြေ အညာပြေ ကျောင်းပြင်သို့ထွက်၍ လမ်းလျှောက်ခွင့် ရကြ၏။ ကျွန်တော်တို့ အထက်တန်း ဆယ်တန်းသမား လေးယောက်မှာ ညနေတိုင်း မြစ်ဆိပ်ကမ်းနားသို့သွား၍ လမ်းလျှောက်တတ်ကြ၏။ အစုန်အဆန်သင်္ဘောကြီးများ ဆိုက်ကပ်သည့်အခါနှင့် ကြုံလျှင်လည်း သင်္ဘောပေါ်သို့ တက်ကာ ကြည့်ရှုတတ်၏။

တစ်ညနေတွင် သင်္ဘောဆိုက်လာသည်နှင့်ကြုံ၍ သင်္ဘောပေါ်သို့ တက်သွားကြရာ သင်္ဘောဆလင်ခေါ်တောကြီးတစ်ယောက် အခက်ကြုံနေသည်နှင့် သွား၍ တိုးကြ၏။ အထက်မှတင်လိုက်သော ကုန်များကို သင်္ဘောဆိုက်သည်နှင့်တစ်ပြိုင်နက် ဆိုင်ရာကုန်သည် ပွဲစားများက လာရောက်ရွေးယူကြ၏။ ထိုနေ့ အခြားကုန်များကို အသီးသီးလာရောက် ရွေးယူသွားပြီးနောက် ဆီးသီးပုတ်ကြီး တစ်ပုတ်မှာ ရွေးယူမည့်သူ မပေါ်လာဘဲဖြစ်နေ၍ တာဝန်ရှိသော ခေါ်တောကြီးမှာ ပါးစပ်က "ဂျီးဒီးဘို့– ဂျီးဒီးဘို့"ဟု အော်

mgyoe.com

mgyoe.com


လျက် တယောင်လည်လည် ဖြစ်နေသည်ကို တွေ့ရ၏။ ဆီးသီးပုတ်ကြီးတာဝန်ကျနေ၍ သူ့မှာ တစ်ပါးသဘော်သားများ ရပ်နား၍လည်း မရပ်နားရ၊ ထမင်းစား၍လည်း မစားရဖြစ်နေ၍ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ဦးမှပဲ့၊ ပဲ့မှဦး၊ သဘော်ကုန်းပတ်လျှောက်လိုက်၊ ကမ်းပေါ်ကြည့်ပြီး "ဂျီးဒီးဘို့–ဂျီးဒီးဘို့'နှင့် အသံကုန်ဟစ်လိုက် ဖြစ်နေ၏။ ကျွန်တော်တို့ပြန်သည်အထိ ခေါ်တောကြီးမှာ တယောင်လည်လည်နှင့် ကျန်ရစ်ခဲ့၏။ အရှင်မရှိသော ဆီးသီးပုတ်ကြီးအတွက် ခေါ်တောကြီး ဒုက္ခရောက်နေပုံကို ကြည့်၍ ကျွန်တော်တို့မှာ ငိုအားထက် ရယ်အားသန်ခဲ့၏။ "ဂျီးဒီးဘို့"ဟူသောစကားသည် ကျွန်တော်တို့နောက်မှ စွဲကပ်ပါလာ၏။ ထိုအဖြစ်အပျက်ကို အစွဲပြု၍နောင်သောအခါ ကျွန်တော်တို့လေးယောက်သည် ရည်းစားမရှိ၊ လင်မရှိ၊ အရှင်ကင်းမဲ့သော အပျိုကလေးများကို "ဂျီးဒီးဘို့"ဟု ခေါ်စမှတ်ပြုကြ၏။ ထိုအခါကအစ အပျိုမှန်လျှင် ကျွန်တော်တို့ လေးယောက်အတွက် 'ဂျီးဒီးဘို့' ဖြစ်ကြ၏။

ဟောဒါက ကဿပအလောင်းတော်တောင်၊ ဟောဒါက မင်းကြီးတောင် စသည်ဖြင့် အရှေ့ကမ်းသို့ မျှော်ကြည့်မှတ်သားရင်း လိုက်ပါလာခဲ့ရာ ခြောက်

mgyoe.com

mgyoe.com


နာရီကျော်ကျော် နေဝင်ရီတရောအချိန်တွင် ပြည်ဆိပ်ကမ်းသို့ ချောမောစွာ ဆိုက်ရောက်သွားလေ၏။

သင်္ဘောဆိုက်၊ ကုန်းပေါင်ကပ်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့လေးယောက် ကမ်းထိပ်သို့ ပြေးတက်သွားကြ၏။ အရှေ့၊ အနောက်၊ တောင်၊ မြောက်လေးပါး လှမ်း၍ကြည့်၏။ မှောင်လုမှောင်ကာဖြစ်၍ ဘာမျှသဲသဲကွဲကွဲ မမြင်ရ၊ ဘာမျှမမှတ်မိဖြစ်၏။ ရွှေဆံတော်ဘုရားပွဲတော်ရှိသည်ကြား၍ ဘုရားပွဲခင်းသို့ ပြေးသွားကြ၏။ ပွဲဈေးလျှောက်၍ ဆာဆာရှိသည်နှင့် 'ရွှေတောင်မုန့်ဟင်းခါး' ဆိုင်တစ်ဆိုင်တွင် ဝင်၍စားကြ၏။ ပွဲပြင်လာသောအခါ ဟင်းရည်တွေရွဲရွဲနှင့်ဖြစ်နေ၍ ငယ်ငယ်က စားဖူးသောရွှေတောင်မုန့်ဟင်းခါးနှင့် မတူဟု အောက်မေ့မိ၏။ သို့သော် အင်္ဂလိပ်ခေတ်မှ ဂျပန်ခေတ်၊ ဂျပန်ခေတ်မှ လွတ်လပ်သောပြည်ထောင်စုခေတ် ဟူ၍ ခေတ်သုံးခေတ် ပြောင်းလဲခဲ့ပြီ။ ခေတ်တွေပြောင်းသလို ရွှေတောင်မုန့်ဟင်းခါးလည်း ရင်ပေါင်တန်း လိုက်၍ ပြောင်းလဲခြင်း ဖြစ်လိမ့်မည်ဟုတွေးကာ စိတ်ကူးနှင့်နှစ်ခွက်ဆင့် ဝစွာစားလိုက်ရ၏။

ထို့နောက် လမ်းမတော်ဘက်သို့ လှည့်သွားကြ၍ ကင်းဘုရားရှေ့၊ ဓိမ်စာပေရိပ်သာ ကိုမြရွှေနှင့်

mgyoe.com

mgyoe.com


တွေ့ကြ၏။ ဝမ်းသာအားရနှင့် ဆီးကြိုပြုစု၏။ ကျွန်တော်တို့ သင်္ဘောပေါ်တွင်ဖတ်ရန် ၎င်း၏ဆိုင်မှ ဝယ်ယူကြသော သတင်းစာများအတွက် ပိုက်ဆံကို လက်မခံဘဲ အတင်းငြင်းဆန်၏။ ဒီလောက်တောင် လောကဝတ် ကောင်းလှ၊ အားနာစွာနှင့် အလကားယူသာယူကွဟု ဆိုလိုက်ရ၏။

'ဟော့... ကိုမြရွှေ၊ ခင်ဗျား သတင်းစာတွေလည်း ပိုက်ဆံမယူ အလကားပေး၊ လင်မနစ်တွေလည်း ဝအောင်တိုက်၊ ကော်ဖီသောက်ဦးမလားလည်း မေး၊ ကျေးဇူးပါဗျာ၊ နို့ပေမဲ့ ပုဂံလိုက်ခဲ့ဦး၊ အကြောင်းက ဒီလိုလေ၊ ရန်ကုန်က ထွက်လာတုန်းကတော့ ငါးယောက်ဗျ။ မအူပင်ရောက်တော့ ဦးစိန်ကော်ဆိုတဲ့ လူက အလုပ်တန်းလန်း နောက်ဆံငင်တယ်ဆိုပြီး အတင်းတား အတင်းခေါ်တာ မရဘူး၊ ဆင်းကျန်ရစ်တယ်။ ဒါနဲ့ ကျွန်တော်တို့ လူစွမ်းကောင်းရဲဘော်လေးယောက်ပဲ သတ္တိကောင်းကောင်း အားယယ်ယယ်နဲ့ တက်လာခဲ့ရတယ်။ ဒီတော့ ငါးယောက်ပြည့်အောင် ခင်ဗျားလိုက်ခဲ့ဗျာ။ ဟော ပုဂံဆိုတာ ကျုပ်တို့ ပြည်ထောင်စုသားတွေ ဂုဏ်ယူရတဲ့ အရပ်ဗျ။ ပြည်ထောင်စုသားမှန်ရင် တစ်သက်မှာ တစ်ခေါက်တော့ ရောက်ဖူးကြရမယ်။ ပုဂံမရောက်ဖူးရင် ပြည်ထောင်စု

mgyoe.com

mgyoe.com



သားစိတ်ခါတ် အစစ်မရဘူးလို့ ယူဆရမယ်၊ ပုဂံဆို တာ ကိုယ့်တိုင်းပြည်ထဲမှာ အနီးကလေးဖြစ်ပေမဲ့ အခါအခွင့် အင်မတန်သင့်မှ ရောက်ဖူးကြတယ်။ အခါအခွင့်သင့်လို့ ရောက်ဖူးဦးတော့ ကျုပ်တို့လို ဝိသေသပုဂ္ဂိုလ်သူရဲကောင်း ဝိဇ္ဇာဓိုရ်တွေနဲ့ အတူတကွ ရောက်ဖို့ဆိုတာ အင်မတန် ကြုံကြိုက်ခဲပါတယ်။ လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မပြည်က အပ်တစ် စင်းဆိုသလို အင်မတန်မှ ရခဲလှတဲ့ ဒုလ္လဘကြီးပါ ဗျာ၊ ကဲ... ဒီမိုကရေစီ သဘောတရားအရ လူများစု ဆန္ဒကို လိုက်ရမယ်၊ မဲခွဲကြစို့၊ ကျုပ်တို့က လေးမဲ၊ ခင်ဗျားက တစ်မဲတည်း၊ လိုက်ခဲ့ပေတော့”ဟု ဆိုကာ ကိုမြရွှေအား ကိုယ့်ကြမ္မာ ကိုယ်ကြိုက်သလို လွတ် လပ်စွာဖန်တီးနိုင်သော အခွင့်အရေးကို တင်းပြည့် ကျပ်ပြည့် လုံးဝပေးပြီးလျှင် အတင်းဆွဲ၍ ခေါ်ကြ ၏။

သို့လျှင် ကိုမြရွှေသည် အိပ်ရာလိပ်ကလေး ဆွဲ ကာ ညနာရီပြန် ၂ ချက်လောက်တွင် သင်္ဘောပေါ်သို့ ဆိုက်ရောက်လာ၏။

နောက်တစ်နေ့နံနက် ငါးနာရီတွင် သင်္ဘောကြီး သည် ပြည်မြို့ ဆိပ်ကမ်းမှခွာ၍ “ဟုတ်လုပ်–ဟုတ် လုပ်–ဟုတ်လုပ်”နှင့် တစ်နာရီလျှင် ငါးမိုင်ကျ ဆက်

mgyoe.com

mgyoe.com


လက်ခုတ်ပြန်၏။

၇ နာရီကျော်ကျော်လောက်တွင် ဖိုးဦးတောင်ဘုရားအနီးသို့ ရောက်ကြ၍ တောင်တန်းတစ်လျှောက် တက်သွားသည့် စောင်းတန်းနှင့် ဖိုးဦးတောင်စေတီကို ထင်ထင်ရှားရှားမြင်ရ၏

"ဖိုးဦးနဂို၊ တောင်စိမ်းညိုတွင်၊ မိန့်ဆိုမြွက်ကြား၊ ဗျာဒိတ်ထား၍၊ ရှေးဖျားပုံခင်း၊ မြို့တည်ရင်းက၊ မာန်တင်းမနှုန့်၊ စိတ်ကြမ်းရုန့်လည်း၊ ဂဠုန်နှံ့ခွန်အား၊ တောင်သံကြားတွင်၊ နဂါးတုန်ခွေ့၊ သုံးကြိမ်ရွေ့ကြောင့်၊ အကွေ့သုံးခွေ၊ မြို့ဝန်းနေသည်၊ သရေခေတ္တ..."

စသည်ဖြင့်၊ သုနာပရန္တတိုင်းသို့ မြတ်စွာဘုရား၊ သခင်ဒေသစာရီ ကြွချီတော်မူရာ၊ ဖိုးဦးတောင်ထိပ်သို့ ရောက်သည်တွင်၊ သာသနာတော် ၁၀၁ ခု၊ သို့ရောက်သောအခါ ပွေးဖို၊ ပွေးမတို့သည် ဒွတ္တပေါင်မင်းကြီးဖြစ်ကာ၊ သရေခေတ္တရာမြို့ကြီးကို တည်လတ္တံ့ဟုဗျာဒိတ်ထားတော်မူကြောင်းကို သက္ကရာဇ် ၁၁၃၇၊ ရတနာပူရ အဝပြည်ကြီး၌ ရွှေနန်းတက်တော်မူသော စဉ့်ကူမင်းလက်ထက်၊ ပညာရှိအမတ်မင်း လက်ဝဲသုန္ဒရ၏ "ဝိနိစ္ဆယ ပကာသနီ"ဓမ္မသတ်လင်္ကာကြီး၌ ပါရှိသော စကားများကို သွား၍သတိရမိ၏။

mgyoe.com

mgyoe.com



ထို့ပြင်တစ်ဝ ရှေးအထက်က ဆရာပုကြီး စင်တော်သည် ပြည်မြို့သို့ ဆင်း၍လာရာ လူရွှင်တော် ကျော်ရွှဲ့နှင့် စန္ဒရော်တို့က ဒေသန္တရစကားများကို ပြောကြားကြရာဝယ်...

စန္ဒရော်– "ဟော့... မွန်းကျော်ရွှဲ့ရဲ့၊ ငါ အမေပုကြီးစင်တော် အောက်ပြည်အောက်ရွာဆင်းပြီး သရေခေတ္တရာ ပြည်မြို့မှာ ကကြရတာ မင်းသရေခေတ္တရာ ရာဇဝင်သမိုင်းများ တော်တော်ကျွမ်းရဲ့လား"

ကျော်ရွှဲ့။ "ကျွမ်းပါသော်ကော ဟရို့၊ ငါက ရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ကြပ် အကုန်နားလည်တဲ့လူ"

စန္ဒရော်။ "ဒါဖြင့် တစ်ခုမေးစမ်းပါရစေကွာ"

ကျော်ရွှဲ့။ "မေးချင်ရာ မေးကွ"

စန္ဒရော်။ "မင်းတို့ ငါတို့ ဧရာဝတီရေကြောင်းက စုန်ပြီးလာကြတော့ ပြည်မြို့ရောက်ခါနီးမှာ ဖိုးဦးတောင်ဆိုတာ တွေ့ခဲ့ရတယ်။ စေတီတော်ကလည်း ကြည်ညိုစရာ ကောင်းပါဘိသနဲ့၊ ဒီတောင်ကို ဘာ့ကြောင့် ဖိုးဦးတောင် ခေါ်လဲ ငါတွေးကြည့်တယ်။ မင်းသိရင် ပြောစမ်းပါကွာ"

ကျော်ရွှဲ့။ "ငါသိတာပေါ့ကွ၊ ပြောပြမယ် နားထောင်၊ ဟိုရှေးတုန်းက ကျုံးသုံးတန် ကာရံဆီးပါလို့

mgyoe.com

mgyoe.com


မြို့ကြီးရယ်တဲ့ ပြည်ပေါက္ကန်ဆိုတာ မင်း ကြားဖူး သလား"

စန္ဒရော်။ "အေး... ကြားဖူးသဟ"

ကျော်ရွဲ့။ "အဲဒီပုဂံပြည်ကြီးက အလောင်းစည်သူမင်းကြီး ဇမ္ဗူကို လှည့်ရအောင် ဘောင်(ဖောင်) စကြာကြီးနဲ့ ဧရာဝတီကို စုန်ဆင်းလာလိုက်တာ ဒီနေရာ၊ ဒီဒေသရောက်တော့ ဒီတောင်ကြီးကို ဘောင်ဦးနဲ့ တိုးပါရောတဲ့"

စန္ဒရော်။ "အေး... ဘောင်ဦးနဲ့ ဝင်ပြီးတိုးတော့ ဘာဖြစ်သလဲဟ"

ကျော်ရွဲ့။ "ဘောင်ဦးတိုးလို့ ဖိုးဦးတောင်ခေါ်သဟ မှတ်ထား..."စသည်ဖြင့် လူကြီးများ ရယ်စရာ စကား ပြောကြားခဲ့ကြသည်များလည်း သတိရမိပေ၏။

ထိုမှစ၍မူကား ဧရာဝတီမြစ်တစ်လျှောက် ဝဲယာတွင် တောင်တန်းများ အဆက်မပြတ် စီတန်းလျက် တောင်ထိပ်ရှိသမျှတို့တွင်လည်း ထုံးဖြူတဖွေးဖွေးနှင့် ဘုရားစေတီကလေးများကို မပြတ်မလပ်ဖူးမြော်ရ၏။ "ရေရှိလျှင် ငါးရှိသည်"ဆိုသော စကားနှင့် အလားတူ တောင်ရှိလျှင် ဘုရားရှိ၏။ တောင်ကမ်းပါးယံများတွင် မိုတွယ်ပေါက်ရောက်လျက် လေ

mgyoe.com

mgyoe.com


လာတိုင်း ယိမ်းနွဲ့နေသော ဝါးပင်ပျိုကလေးများကို လည်းကောင်း၊ ဆောင်းဦးရာသီပင်ဖြစ်သော်လည်း အရွက်အခက်များ ရိုရော်နိုကြဲနေသော သစ်ပင်များ ကိုလည်းကောင်း၊ စိမ်းတစ်လှည့်၊ ဝါတစ်လီ၊ နီ တစ်ခါနှင့် ပန်းချီဆေးရောင်စုံ ခြယ်လှယ်ထားသကဲ့ သို့ စိတ်တွင် ကြည်နူးဖွယ်ရာ ရှုခင်းတို့ကို မြင်ရ၏။

ထိုအခါ ကျွန်တော်တို့ယာဉ်က ဦးခန့် တိုက် တွန်းသဖြင့် ဂန္ထလောကမဂ္ဂဇင်းအတွက်...

(၁) မြစ်ပြင်ဇရော၊

(၂) ရှစ်ခွင်သေလာ၊

(၃) သစ်လွင်ရွှေစာ၊

အစချီသော ရတုပိုဒ်စုံတွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီး၌ သယံဇာတ အဖိုးအနဂ္ဃထိုက်တန်သော ကျောက်မျက်ရတနာ သတ္တုအမျိုးမျိုးထွက်၍ ခမ်းနား သော တောင်တန်း တောင်စဉ်များနှင့် ပြည့်စုံကြောင်း ချီးကျူးဖွဲ့ဆိုရာတွင်... "တောင်နှင့်ဘုရား၊ အလား လားကို၊ ဆိုငြားကုန်ဖွယ်၊ မရှိကြွယ်ခဲ့"ဟု စပ်ဆိုခဲ့ဖူး ပုံများကို ပြန်ပြောင်းသတိရမိပေ၏။

ထို့နောက် စစ်စရန်၊ ကာမ၊ ညောင်ပင်ဆိပ်၊ ပြလို့ တို့ကိုကျော်၍ သရက်မြို့သို့အရောက်တွင် ဘိလပ်မြေ စက်ကြီးကို အထူးပြု၍ကြည့်ကြ၏။ လူငယ်ကျောင်း

mgyoe.com

mgyoe.com


သား မောင်ဆွေနှင့် အထွန်းတို့အား သင်္ဘောဦးသို့ ခေါ်၍ ကိုယ်က ဒါရိုက်တာလုပ်ပြီးလျှင် ဓာတ်ပုံအမျိုးမျိုး ရိုက်စေ၏။ လူငယ်များ နေရာမကျမည်စိုး၍ ကိုယ်တိုင်လည်း တတ်သမျှ မှတ်သမျှနှင့် ကင်မရာကို ချိန်ပြီးလျှင် ခလုတ်ကို နှစ်ကြိမ် နှိပ်လိုက်၏။ ကင်မရာသုံးလက်နှင့် ဒီလောက် ဝိုင်းတွယ်၍ မရရင်လည်း ကံပဲဟု ထားလိုက်၏။

ငင်းနောက် မကြာမီပင် သရက်မြို့နှင့် ဓားလွယ်ခုတ် တစ်ဖက်ကမ်းရှိ အာလံမြို့သို့ ရောက်ကြရာ၊ သင်္ဘောဆိုက်သည်နှင့်တစ်ပြိုင်နက် ဦးကျော်၊ ကိုမြရွှေနှင့် လူငယ်နှစ်ယောက်တို့ ဒရောသောပါး ကမ်းပေါ်သို့ ပြေးတက်သွားကြ၏။ ကျွန်တော်မူကား ဒူးကောင်းကောင်း ဆန့်၍မရသဖြင့် တွဲသမ္ဗန်ပေါ်ကသာ မျှော်ကြည့်နေလိုက်ရ၏။

ထိုသို့ကြည့်နေရင်း ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ သုံးမြို့ဝန် ရှေ့ဖတ်စာရေးကြီး "စုံနံ့သာ မြိုင်ဦးကြော့" နှင့် အာလံမြို့သူတစ်ယောက်တို့ အပြန်အလှန် တွယ်ကြ နှက်ကြပုံများကို သွား၍သတိရ၏။

တစ်ရံရောအခါ ဦးကြော့က အာလံမြို့မှ မိန်းမတစ်ယောက်အား အောက်ပါတေးထပ်နှင့် ရိသဲ့သဲ့လုပ်လိုက်၏။

mgyoe.com

mgyoe.com


ရွှေကွန်းအုံ ညောင်မြင့်၊
ဒေဝါ မင့်သဟာ၊
သိကြားက ကြင်နာလျှင်၊
ရွှေမေတ္တာမခန်း။ ။
မှူးပြည်တန့် ပုလဲသွယ်ငယ်၊
မောင်ကြင်မယ် စွဲစိတ်ကမှန်း။ ။
ကြင်ချင်ငဲ့ ယဉ်မဟာငယ်၊
မကြင်သာမျှော်တမ်း၊
သဇင်ညှာရော်ယမ်းလို့၊
လွမ်းရသူ့ ဘုန်းကြွယ်။ ။
ယင်နှစ်ဖြာ–
ကြင်နာမျှရန်ဘို့၊
ကြင်စာသ သရပါတော့တယ်။ ။
မကြင်ဘူး ကြင်မယ်၊
ရွှေစိတ်ငယ် ကြံတွေးလို့၊
အရေးတော်သာ မသာ၊
ခွန်းမိန့်သင့်ပါ။ ။
မောင်ကဖြင့် ပစ်မခွာတယ်၊
ရှစ်ကမ္ဘာ သက်ဆုံးပလေး...။

ဤကဲ့သို့ ဦးကြော့က မေတ္တာစာ တေးထပ်နှင့် ဂဟောစပ်လိုကြောင်း ခွင့်တောင်းရင်း ညလိုက်ရာ

mgyoe.com

mgyoe.com


အာလံသူက အောက်ပါတေးထပ်ကို ရေးစပ်၍ တစ်မြို့လုံး မြင်သာသော အာလံမြို့ ဈေးရုံကြီးတွင် ကပ်ထားသော ဟူ၏။

ဝါးဟားဟား–မယ်ခင်ရှိက်၊
ရယ်ချင်လိုက်ပါတယ်၊
မရှက်လို့ ရမယ်သွယ်တယ်၊
ပုခက်သယ်ပေလား။ ။
ဓာဒြပ်တင့်ဆယ်ဆူမှာ၊
မင့်နှယ်လူ ဝေးစွခြောက်ပါး။ ။
မိုးဏ္ဍက္ကနဒ္ဒုစန်းငွေဖြူကို၊
လှမ်းခြွေသူအလား၊
လူပုံချုံကြား က၊
နတ်စကားသူယောင်။ ။
သုနခံမာန်သွင်းလို့၊
လ,မင်းကို ကြည့်ရှုကာဟောင်။ ။
မရှက်တတ် မျက်နှာပြောင်ငယ်၊
မပျက်ပေါင်ရနိုးနှင့်၊
လှမျိုးခိုင်စံပယ်၊
ပြောလိုက်ပါ့မယ်။ ။
မစိုးနှင့် အပိုးသယ်ရယ်၊
မိုးကွယ်လျှင် လာခဲ့တော့လေး။ ။

mgyoe.com

mgyoe.com


ဤကဲ့သို့ အာလံသူက ခပ်နာနာ ပြန်၍တွယ်လိုက်သောအခါ ဦးကြော့က အောက်ပါအတိုင်း ပြန်၍ရေး၏။

အလဇ္ဇီ ပေသလနှင့်၊
မရေရာ့ဌာနံ၊
သဏ္ဍေကနာမံ၊
အာလံလို့ အပြီး။ ။
မဆန်းလို့ သရမ်းပွေသည်၊
ကြွင်နှမ်းပြေမန်းနှင့် မနီး။ ။
ရိုင်းပါဘိ သည်နဂိုရယ်၊
စည်ပဟိုရ်မတီး၊
သာသနာ မပျော်ငြီးလို့၊
ရပ်ကြီးနှင့်မတူ။ ။
ကြောက်စရာ ဟိတ်မနောငယ်နှင့်၊
စိတ်သဘော–သယောညဏ်ထူ။ ။
မန်းဗျာဒိတ် ရိပ်ခိုသူမှာ၊
မလိုသူ မူလွှာထပ်နှင့်၊
စာကပ်သည့် ဈေးတိုက်ရုံ၊
ရေးတော့မဖြုံ။ ။
မမကြီးသာ ကိပုံမှာ၊
ဇာတိဂုဏ် မူလနှင့်လေး။ ။

mgyoe.com